အထက်ပါအကြောင်းရာသည် နားလည်ရလွယ်အောင် ကိုးကားထားသောစာတမ်းဖြစ်ပါသည်။
တရားဝင်ထုတ်ပြန်ထားသောစာတမ်းမှာ ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသော ဂျပန်ဘာသာစာတမ်း ဖြစ်ပါသည်။

-------------စဉ် ------------အမှတ်
နှစ် လ ရက်

①

ဦး/ဒေါ်------------------------

--------------------------------ကျန်းမာရေးဌာန ညွှန်ကြားရေးမှူး

**အလုပ်လုပ်ခွင့် ကန့်သတ်ခြင်းဆိုင်ရာ အသိပေးစာ**

သင်သည် ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် ဆေးဝါးကုသရေးဆိုင်ရာဥပဒေ(အောက်ပါ[ဥပဒေ] ဟုခေါ်ဆို )အခန်း၆ပုဒ်မ တွင်သတ်မှတ်ထားသော ကူးစက်ရောဂါ (ကိုရိုနာကူးစက်ရောဂါ ပိုးသစ်) ကို ကူးစက်ခံနေရကြောင်း သိသာထင်ရှား နေပါသည်။

ဆက်စပ်ပြီးတော့ နိုင်ငံတော်အမိန့် အခန်း၃ပုဒ်မ တွင် ပါဝင်သော ပြဌာန်းချက်များအရ ကိုရိုနာကူးစက်ရောဂါပိုးသစ်ကို ကူးစက် ခံစားနေရပါက သတ်မှတ် ထားသည့် ဥပဒေအခန်း၁၈ပုဒ်မ အပုဒ်ခွဲ ၂ တွင်ဖေါ်ပြထားသည့်အတိုင်း အလုပ်လုပ်ခွင့်ကို ကန့်သတ် ထားခြင်းခံရ မည်ဖြစ်ကြောင်း သတိပြုပါ။

ထို့ကန့်သတ်ချက်ဥပဒေပုဒ်မကို ဖောက်ဖျက်ပါက ဥပဒေအခန်း၇၇ပုဒ်မ အပုဒ်ခွဲ၄ပါ ပြဌာန်းချက်များအရ ဒဏ်ငွေ ယန်း၅သိန်း (¥500000)အောက် ဒဏ်ရိုက်ခံရမည်။

ဥပဒေအခန်း၁၈ပုဒ်မ အပုဒ်ခွဲ၃ ပါ ပြဌာန်း ချက်များအရ အလုပ်လုပ်ခွင့် ကန့်သတ်ခြင်းကာလ ဖြေလျှော့ပေးစေလိုပါက သင်သည်ရောဂါပိုးသယ် ဆောင် ထားခြင်း မရှိကြောင်း ကျန်းမာရေးဌာန ညွှန်ကြားရေးမှူးထံ အသိမှတ်ပြုစာ တောင်းခံ နိုင်ပါသည်။

1။ ရောဂါလက္ခဏာ

(1) လက္ခဏာရပ်များ--------------------------------------------------------------------------------------------

ချောင်းဆိုး၊ သလိပ်ထွက်၊ ကိုယ်ပူ၊ ရင်ဘတ်အောင့်၊ အသက်ရှုကြပ်၊ အခြား(———)၊မရှိ

(2) ရောဂါရှာဖွေစစ်ဆေးဖို့နည်းလမ်း ------------------------------------------------------------------

(3) ပထမဆုံးရောဂါရှာဖွေစစ်ဆေးသည့် နှစ်၊လ၊ ရက် -------------------------------------------------------

(4) ရောဂါရှာဖွေစစ်ဆေးသည့် နှစ်၊လ၊ရက် ------------------------------------------------------------------

2။ အလုပ်လုပ်ခွင့်ကန့်သတ်ခြင်းအကြောင်းအရာ

(1) ကန့်သတ်ခြင်းခံရသော အလုပ်တာဝန်

ဝန်ဆောင်မှုပေးရသောအလုပ် ၊ အခြားသောလူအများနှင့် ထိတွေ့ဆက်စပ်မှုရှိသော အလုပ်

(2) ကန့်သတ်ခြင်းခံရသောကာလ

ထိုရောဂါပိုးကို သယ်ဆောင်ထားခြင်း မရှိတော့သည်အထိ (သို့) ရောဂါလက္ခဏာများ ပျောက်ကင်းသွားသည်အထိ

3။ အခြား

(1) အထက်ပါ ကူးစက်ရောဂါလက္ခဏာများ ပျောက်ကင်းသွားပါက ကျန်းမာရေးဌာနသို့ဆက်သွယ်ပါ။

(2) အထက်ပါ ကန့်သတ်ချက်နဲ့ ပါတ်သက်ပြီး မကျေနပ်ပါက ကန့်သတ်ခံရပြီးနောက်၃လအတွင်း သက်ဆိုင်ရာဒေသ အုပ်ချုပ်ရေးဆိုင်ရာဌာနသို့ စစ်ဆေးပေးရန် တောင်းဆိုနိုင်ပါသည်။

(3) အထက်ပါ ကန့်သတ်ချက်နဲ့ ပါတ်သက်ပြီး မကျေနပ်ပါက နံပါတ်(2)တွင် ဖေါ်ပြထားသည့် အတိုင်းတောင်းဆို နိုင်သည့် အပြင် ထိုကန့်သတ်ချက် သက်မှတ်ခံရသည့် နောက်နေ့မှစ၍ ၆လ အတွင်း ဒေသဆိုင်ရာအုပ်ချုပ်ရေး ဆိုင်ရာဌာနကို တရားခံအနေနဲ့ (တရား စွဲဆိုခံရမည့်သူမှာ ထိုဒေသအုပ်ချုပ်ရေးဆိုင်ရာဌာနမှ မြို့တော်ဝန် ဖြစ်ပါ သည်) ဤသတ်မှတ်ချက်ကို ပယ်ဖျက်ပေးပါရန် တရားစွဲဆိုနိုင်ပါသည်။

(4) အထက်ဖော်ပြပါ (၂) တွင် စစ်ဆေးရန် တောင်းဆိုလျှောက်ထားလာပါက ထိုစစ်ဆေး လျှောက်ထားမှုနဲ့ ပတ်သက် ပြီး ဆုံးဖြတ်ကို သိရှိသည့်နောက်နေ့မှစပြီး (၆)လ အတွင်း (ခရိုင်) ကို တရားခံအနေနဲ့ ဤသတ်မှတ်ချက်ကို ပယ်ဖျက်ပေးပါရန် တရားစွဲဆိုနိုင်သည်။

အထက်ပါအကြောင်းရာသည် နားလည်ရလွယ်အောင် ကိုးကားထားသောစာတမ်းဖြစ်ပါသည်။
တရားဝင်ထုတ်ပြန်ထားသော စာတမ်းမှာ ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသော ဂျပန်ဘာသာစာတမ်း ဖြစ်ပါသည်။

တာဝန်ခံ --------------------------